# မန္တလေးတိုင်းဒေသကြီးလွှတ်တော်

# မန္တလေးတိုင်းဒေသကြီး
# ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်
# ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ
# ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

# မန္တလေးတိုင်းဒေသကြီး
# ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

( ၂၀၁၅ ခုနှစ်၊ မန္တလေးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆။ )

( ၁၃၇၇ ခုနှစ်၊ ဝါခေါင်လဆန်း ၁၃ ရက် )

( ၂၀၁၅ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက် )

မန္တလေးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို **မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ အခန်း(၂)၊ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ သတ်မှတ်ချက်များ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)မှ (ည)အထိပါ ထူးချွန်ဆုအမည်များကို အောက်ပါအတိုင်း အစားထိုး ပြင်ဆင်ရမည် -

(က) **ရတနာပုံ**စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု၊

(ခ) **ရတနာပုံ**စီးပွားရေးဆိုင်ရာထူးချွန်ဆု၊

(ဂ) **ရတနာပုံ**စိုက်ပျိုးရေးဆိုင်ရာထူးချွန်ဆု၊

(ဃ) **ရတနာပုံ**မွေးမြူရေးဆိုင်ရာထူးချွန်ဆု၊

(င) **ရတနာပုံ**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာထူးချွန်ဆု၊

(စ) **ရတနာပုံ**ပညာရေးဆိုင်ရာထူးချွန်ဆု၊

(ဆ) **ရတနာပုံ**သုတေသနဆိုင်ရာထူးချွန်ဆု၊

(ဇ) **ရတနာပုံ**ကျန်းမာရေးဆိုင်ရာထူးချွန်ဆု၊

(ဈ) **ရတနာပုံ**လူမှုရေးဆိုင်ရာထူးချွန်ဆု၊

(ည) **ရတနာပုံ**ဘာသာ၊ သာသနာဆိုင်ရာထူးချွန်ဆု။

၃။ မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ အခန်း(၂)၊ ပုဒ်မ ၃၊ ပုဒ်မခွဲ(ည)၏ နောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

(ဋ) ရတနာပုံစက်မှုလက်မှုဆိုင်ရာထူးချွန်ဆု။ တိုင်းဒေသကြီးအတွင်းစက်မှုလက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်သော တီထွင်ဆန်းသစ်မှု၊ လောင်စာ စွမ်းအင်နှင့် စွမ်းအင်ချွေတာမှု၊ ပြည်သူလူထုအတွက် ကုန်ကျစရိတ်သက်သာစွာဖြင့် တန်ဖိုးနည်းသော စက်မှုလက်မှုပစ္စည်းများ ထုတ်လုပ်နိုင်မှုတို့ကို ထူးချွန်စွာ စွမ်းစွမ်း တမံ ဆောင်ရွက်ချက်များဆိုင်ရာဆုများ။

၄။ မန္တလေးတိုင်းဒေသကြီးဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့် အပ်နှင်းခြင်းဆိုင်ရာ ဥပဒေ ပုဒ်မ ၄ တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

အစိုးရအဖွဲ့သည် ဤဥပဒေအရ ချီးမြှင့်သည့် ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူး ဆောင်ဆုပစ္စည်းများအပြင် တိုင်းဒေသကြီးဖွံ့ဖြိုးတိုးတက်ရေးအတွက် စွမ်းစွမ်း တမံ ကြိုးပမ်းဆောင်ရွက် ခဲ့ရာတွင် ထူးချွန်ဆုများ ချီးမြှင့်အပ်နှင်းခြင်းမခံရသော်လည်း စွမ်းစွမ်း တမံကြိုးပမ်းဆောင်ရွက်ချက်များအပေါ် အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်ပြုထိုက်သော လူပုဂ္ဂိုလ်များနှင့် အသင်းအဖွဲ့များအား ကဏ္ဍအသီးသီးအလိုက် အောက်ပါ ဂုဏ်ပြုလက်မှတ် များကို ချီးမြှင့်အပ်နှင်းနိုင်သည် -

(က) ရတနာပုံစီမံခန့်ခွဲရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ခ) ရတနာပုံစီးပွားရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဂ) ရတနာပုံစိုက်ပျိုးရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဃ) ရတနာပုံမွေးမြူရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(င) ရတနာပုံသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(စ) ရတနာပုံပညာရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဆ) ရတနာပုံသုတေသနဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဇ) ရတနာပုံကျန်းမာရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဈ) ရတနာပုံလူမှုရေးဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ည) ရတနာပုံဘာသာ၊ သာသနာဆိုင်ရာ ဂုဏ်ပြုလက်မှတ်၊

(ဋ) ရတနာပုံစက်မှုလက်မှုဆိုင်ရာ ဂုဏ်ပြုလက်မှတ်။

၅။ မန္တလေးတိုင်းဒေသကြီး ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းခြင်းဆိုင်ရာဥပဒေ ပုဒ်မ ၄ ကို ပုဒ်မ ၅ အဖြစ်ပြောင်းလဲသတ်မှတ်၍ ကျန်ပုဒ်မများကို အစဉ်လိုက် ပြောင်းလဲသတ်မှတ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ) ရဲမြင့်**

**ဝန်ကြီးချုပ်**

**မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့**